ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပုံစံ(မနသ-၂)

စာအမှတ် ၇၁၁၃

နေ့စွဲ ၁၀.၉.၉၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၂၉၂/၉၉ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

(ခ) အဘအမည် –

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် –

(ဃ) နေရပ်လိပ်စာ အမှတ်(၉၀)၊ ကန်ဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း စန္ဒာပုလဲနက်မိုင်းနင်း ကုမ္ပဏီလီမိတက် (Sandar Pale Net Mining Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ (၄)မိုင်စခန်းရှိ ရွှေလုပ်ကွက် (4M-5)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၁၀,၀၀သန်း (ကျပ်တစ်ဆယ်သန်းတိတိ)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၈၄ /၉၉ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်။
(၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.) မှ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းပိုင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ (၄)မိုင်စခန်း၊ လုပ်ကွက်အမှတ် (4M-5)ရှိ ခွင့်ပြုဧရိယာ (၄၃.၅၀)ဧက (၀.၁၇၆ စတုရန်းကီလိုမီတာ)အတွင်း အမှတ်(၂) သတ္တုတွင်း လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား (၂၀-၈-၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၄/၉၉) ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၂-၉-၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၃၂/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အမှတ်(၂) သတ္တုတွင်း လုပ်ငန်းနှင့် စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.) တို့အား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တု ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက်ခွင့်ပြုမိန့် အမှတ်၊ မနသ- ၂၈၂/၉၉ ကို ထုတ်ပေးလိုက်သည်။

၂။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်းပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထား ရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

၃။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက် အဖြစ် ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၄။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၅။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းနှင့် စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.) တို့၏ ရွှေသတ္တု ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းသဘောတူ စာချုပ် မိတ္တူ(၅) စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၆။ သတ္တုတူးဖော် ထုတ်လုပ်ရန် ခွင့်ပြုသည့် ကာလမှာ စာချုပ်လက်မှတ်ရေးထိုးသည့် နေ့မှစ၍ (၅)နှစ်ပြည့်သည့် သတ်မှတ်ခွင့်ပြုကာလ မကုန်ဆုံးမီ (၃)လ အလိုတွင် နောက်ထပ်ကာလ တိုးမြှင့်ပေးရန် အတွက် အမှတ်(၂) သတ္တုတွင်း လုပ်ငန်းသို့ လျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက်ကို ရယူရမည်။

၇။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.) မှ ပုံသေမြေငှါးရမ်းခအဖြစ် (Dead Rent) အဖြစ် တစ်စတုရန်း ကီလိုမီတာလျှင် ကျပ်(၆၀၀၀) (ကျပ်ခြောက်ထောင်တိတိ) နှုန်းဖြင့် နှစ်စဉ်ပေးသွင်းရမည်။

၈။ ထုတ်လုပ်သော ရွှေသတ္တုစင်သည် အနည်းဆုံး (၁၄)ပဲရည်နှင့်အထက် သန့်စင်ပြီး ဖြစ်ရမည်။

၉။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် အဆိုပြုလုပ်ငန်းအတွက် စာချုပ်လက်မှတ်ဆုငွေ (Signature Bonus) ကျပ်(၂.၅)သန်း (ကျပ်နှစ်သန်းနှင့် ငါးသိန်းတိတိ)ကို စာချုပ် လက်မှတ်ရေးထိုးသည့်နေ့ မတိုင်မီ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းသို့ ပေးသွင်းရမည်။

၁၀။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် ဘဏ်အာမခံကြေးအဖြစ် ကျပ်(၁.၀၀)သန်း (ကျပ်တစ်သန်းတိတိ)ကိုစာချုပ်လက်မှတ်ရေးထိုးသည့်နေ့ မတိုင်မီ အမှတ်(၂) သတ္တုတွင်း လုပ်ငန်း အမည်ဖြင့် သတ်မှတ်ထားသည့် ဘဏ်အာမခံပုံစံအတိုင်း စာချုပ် သက်တမ်းတစ်လျှောက် ထားရှိရမည်။

၁၁။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)မှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ် ချုပ်ဆိုပြီး ရက်ပေါင်း(၃၀)အတွင်း ရွှေသတ္တု တူးဖော်ခြင်း၊ သန့်စင်ခြင်းနှင့် ချွတ်စင်ခြင်းနည်းများ ပါဝင်သည့် လုပ်ငန်းအစီအစဉ်ကို အမှတ်(၂) သတ္တုတွင်း လုပ်ငန်းသို့ တင်ပြရမည်။

၁၂။ သတ်မှတ် လုပ်ကွက်အတွင်း တူးဖော်ခွင့်ပြုထားသည့် သတ္တုကိုသာ တူးဖော်လုပ်ကိုင်ရမည်။ ခွင့်ပြုထားသည့် သတ္တုမဟုတ်ပဲ အခြားသတ္တုများ၊ ကျောက်မျက် ရတနာများ တွေ့ရှိပါက တွေ့ရှိမှုကို အမှတ်(၂) သတ္တုတွင်း လုပ်ငန်းသို့ ချက်ချင်း အကြောင်းကြားရမည်။

၁၃။ ထုတ်လုပ်ရရှိသော ရွှေသတ္တုများကို အောက်ပါအတိုင်း လစဉ်အချိုးကျ ခွဲဝေခံစားရမည်။
- ဓါတ်သတ္တုခွန် ၅ ရာခိုင်နှုန်း
- အမှတ်(၂) သတ္တုတွင်း လုပ်ငန်း ၃၀ ရာခိုင်နှုန်း
- စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် ၆၅ ရာခိုင်နှုန်း

၁၄။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၅။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက် ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၇။ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၈။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၉။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ -

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက-၁/မ-၄၁၂/၉၉ (၅၀၁၃)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်။

ဖြန့်ဝေခြင်း-
၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။

၅။ သတ္တုတွင်း ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၆။ ဒါရိုက်တာ၊ စန္ဒာပုလဲနက် မိုင်းနင်း ကုမ္ပဏီ လီမိတက် (Sandar Pale Net Mining Co., Ltd.)။

အမိန့်အရ -

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

၂၀၀၀ ပြည့်နှစ် မတ် လ ၁၅ ရက်။

အကြောင်းအရာ။ ။ဆုံးဖြတ်ချက်မိတ္တူနှင့်ခွင့်ပြုမိန့်မိတ္တူပေးပို့ခြင်း ။

အောက်ဖော်ပြပါကုမ္ပဏီများသို့ ပေးမည့်ခွင့်ပြုမိန့်မိတ္တူ နှင့်ဆုံးဖြတ်ချက်မိတ္တူများ ကိုမှတ်တမ်းတင်ထားနိုင်ရန် ပေးပို့အပ်ပါသည်။

(၁)။ နီကာကိုးမ မိုင်းနင်း ကုမ္ပဏီ လီမိတက်၊ [မနသ-၂၉၁/၉၉၊ ၁၀-၉-၉၉]

(၂)။ မြန်မာ ပလပ်စတစ် ထုတ်လုပ်မှု လုပ်ငန်း ကုမ္ပဏီ လီမိတက်။
[မနသ-၃၃၇/၂၀၀၀၊ ၂၅-၂-၂၀၀၀]

(၃)။ အာရှ နေရောင်ခြည် [illegible] ထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက်၊
[မနသ-၃၃၈/၂၀၀၀၊ ၂၅-၂-၂၀၀၀]

(၄)။ ပင်လယ်ဝ [illegible] ကုမ္ပဏီလီမိတက်၊ [မနသ-၃၄၁/၂၀၀၀၊ ၂၈-၂-၂၀၀၀]

(၅)။ [illegible] ထုတ်လုပ်မှု လုပ်ငန်း လီမိတက်၊ [မနသ-၃၄၆/၂၀၀၀၊ ၉-၃-၂၀၀၀]

[signature]
(ကျော်ဒွန်း)
လက်ထောက်ညွှန်ကြားရေးမှူး

စဉ်	ပေးပို့ခြင်း	လက်မှတ်	အမည်
၁။	~~အတွင်းရေးမှူး~~	[signature]	[illegible]
၂။	~~ညွှန်ကြားရေးမှူးချုပ်~~		[illegible]
၃။	ဒုတိယညွှန်ကြားရေးမှူးချုပ်၊	[signature] 15/3	[illegible]
၄။	ညွှန်ကြားရေးမှူး (စီမံ)	[signature] 15/3/2000	[illegible]
၅။	ညွှန်ကြားရေးမှူး (ရင်းနှီး ၁)	[signature]	[illegible]
၆။	ညွှန်ကြားရေးမှူး (ရင်းနှီး ၂)	[signature]	[illegible]
၇။	ညွှန်ကြားရေးမှူး (ကုမ္ပဏီ)	[signature] 15/3.	[illegible]
၈။	ညွှန်ကြားရေးမှူး( )		
၉။	~~Legal~~		
၁၀။	Monitasing	[signature] 15/3	[illegible]
၁၁။	Appraisal	[signature] 15.3.	[illegible]
၁၂။	Research		